ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

**လောင်းကစားဥပဒေကို ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေ**

(၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅။)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "လောင်းကစားဥပဒေကို ပထမအကြိမ်ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ လောင်းကစားဥပဒေတွင် ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "အမျိုးသားညီညွတ်ရေးအစိုးရ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ လောင်းကစားဥပဒေ ပုဒ်မ ၂။ ပုဒ်မခွဲ(ဈ)နှင့် (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်။

"(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

"(ည) **ထီ** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော "အောင်လံလျှင့်ချီ ဓနဦးထီ" ကိုဆိုသည်။"

၄။ လောင်းကစားဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်။

"၂၂။ ထီကို အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကသာ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည်။"

---

ပြည်ထောင်စုလွှတ်တော်သည် ဤပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။